(주) 나이스웨이
NICEWAY CO.,LTD.
620, 12 Floors, Yangcheon-ro, Gangseo-gu, Seoul, Republic of Korea. (ZIP : 1207)
Tel : +82 2 3663 8211, Fax : +82 2 3664 7211
Email: nicewaykorea@niceway-korea.com

# “လုပ်ငန်းအကြံပေးဆွေးနွေးခြင်းဆိုင်ရာ သဘောတူစာချုပ်”

နေ့စွဲ ။ ။ ...........................

မောင်/မ ................................. (ဘ) ........................... Passport နံပါတ် .................................. ဗီဇာအမျိုးအစား ......................... ၊ ID နံပါတ် ......................... ကိုင်ဆောင်ထားသူသည် တောင်ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်အတွက် တောင်ကိုရီးယားနိုင်ငံ Room 1207, 12th floor, 620 Yangcheon-ro, Gangseo-gu, Seoul (Deungchon-dong, Jiwa In Apartment Business Center) တွင် တရားဝင်ဖွင့်လှစ်ထားသော NiceWay Co.,Ltd (Company Registration No : 845-86-03189) သို့ လုပ်ငန်းအကြံဉာဏ်တောင်းခံ၍ ဆွေးနွေးတိုင်ပင်ခြင်း ဖြစ်ပြီး အောက်ဖော်ပြပါ လုပ်ငန်းစဉ်စည်းကမ်းချက်များကို သိရှိလိုက်နာပါမည် -

၁။ ကိုရီးယားပြည်တွင်းမှ D10 မှ E7-1, E9 မှ E7-4R, E7-4R မှ တခြားစက်ရုံပြောင်း အလုပ်ရှာ E7-4R ဗီဇာသမားများအတွက် ဖြစ်ပါသည်။ NiceWay Co.,Ltd (Korea) မှ လုပ်ငန်းအကြံဉာဏ်ပေးခြင်းနှင့် အလုပ်မိတ်ဆက်ဝန်ဆောင်ခမှာ ကိုရီးယားဝမ် ၃,၅၀၀,၀၀၀ ဖြစ်ပါသည်။ ကိုရီးယား 행정사 ရှေ့နေနှင့် တိုင်ပင်ဆွေးနွေးခြင်းပြုလုပ်လိုပါက ပြုလုပ်နိုင်ပြီး ရှေ့နေနှင့်တိုင်ပင်ဆွေးနွေးခြင်းအတွက် သီးသန့်ဝန်ဆောင်ခ ကိုရီးယားဝမ် ၅၀၀,၀၀၀ ထပ်မံကျသင့်မည် ဖြစ်ပါသည်။ Deposit အနေဖြင့် ကိုရီးယားဝမ် ၅၀၀,၀၀၀ (non-refundable) ပေးသွင်းရပါမည်။ ငွေသွင်းသည့်နေ့ရက်မှစတင်၍ လုပ်ငန်းအကြံပေးဆွေးနွေးတိုင်ပင်ခြင်း အကျုံးဝင်မည် ဖြစ်သည်။

၂။ လုပ်ငန်းဆွေးနွေးတိုင်ပင်ပြီး (၁) လအတွင်း NiceWay Co.,Ltd (Korea) မှ အကြောင်းပြန်ပေးမည်ဖြစ်ပြီး (၁) လအတွင်း လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် ကူညီပေးပါမည်။

၃။ လုပ်ငန်းရှင်များသို့ မိတ်ဆက်ပေးရန် CV Form ပြင်ဆင်ရာတွင် လုပ်ငန်းဆွေးနွေးတိုင်ပင်သူသည် ကုမ္ပဏီမှ တောင်းခံသည့် အချက်အလက်များ ပြည့်စုံအောင် ဖြည့်စွက်ပေးရမည်ဖြစ်ပြီး အချက်အလက် ပြည့်စုံမှုရှိလျှင် Interview ဝင်ရမည့် ကုမ္ပဏီနှင့် မိတ်ဆက်ပေးမည် ဖြစ်သည်။

၄။ NiceWay Co.,Ltd (Korea) သည် လူတွေ့ Interview ဝင်ရမည့် ကုမ္ပဏီ၏ အချက်အလက်၊ လစာနှင့် လုပ်ရမည့် အလုပ်တာဝန်များကို လုပ်ငန်းဆွေးနွေးတိုင်ပင်သူထံသို့ ကြိုတင် အကြောင်းကြားပေးမည် ဖြစ်သည်။

၅။ လုပ်ငန်းဆွေးနွေးအကြံပေးသည့် NiceWay Co.,Ltd (Korea) မှ မိတ်ဆက်ပေးသော အလုပ်ဝင်ရောက်ရမည်ဆိုလျှင် ကိုရီးယားဝမ် ၁,၅၀၀,၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး အလုပ်ရရှိပြီး ဗီဇာပြောင်းသည့်အချိန်တွင် ကျန်ရှိသောငွေ ကိုရီးယားဝမ် ၁,၅၀၀,၀၀၀ ပေးသွင်းရမည် ဖြစ်ပါသည်။ အလုပ်စာချုပ်ချုပ်ဆိုနိုင်ရန် ကူညီပေးမည်ဖြစ်သည်။

၆။ လုပ်ငန်းဆွေးနွေးအကြံပေးသည့် NiceWay Co.,Ltd (Korea) မှ အလုပ်များမိတ်ဆက်အကြောင်းကြားပေးသော်လည်း လုပ်ငန်းဆွေးနွေးတိုင်ပင်သူသည် (၁) လ အတွင်း အလုပ် Interview မဝင်ပဲ ဆက်တိုက်ငြင်းပယ်နေပါက Deposit ပေးသွင်းထားသည့်ငွေ ကိုရီးယားဝမ် ၅၀၀,၀၀၀ ကို ပြန်အမ်းမည် မဟုတ်ပါ။

(주) 나이스웨이
NICEWAY CO.,LTD.
620, 12 Floors, Yangcheon-ro, Gangseo-gu, Seoul, Republic of Korea. (ZIP : 1207)
Tel : +82 2 3663 8211, Fax : +82 2 3664 7211
Email: nicewaykorea@niceway-korea.com

၇။ လုပ်ငန်းဆွေးနွေးအကြံပေးသည့် NiceWay Co.,Ltd (Korea) မှ လုပ်ငန်းဆွေးနွေးတိုင်ပင်သူအား အလုပ်များ မိတ်ဆက်ပေးသည့်အခါ လူတွေ့ Interview တစ်ကြိမ် ဝင်ရောက်တိုင်း ကိုရီးယားဝမ် ၁၀၀,၀၀၀ (Non-refundable) စီ ကောက်ခံသွားမည်ဖြစ်သည်။ ပထမတစ်ကြိမ် Interview ဝင်ရောက်သည့်အခါ လုပ်ငန်းရှင်ဘက်မှ အဆင်မပြေလျှင်သော်လည်းကောင်း ၊ လုပ်ငန်းဆွေးနွေးတိုင်ပင်သူဘက်မှ အဆင်မပြေလျှင်သော်လည်းကောင်း Nice Way Co.,Ltd (Korea) သည် အလုပ်ထပ်မံမိတ်ဆက်ပေးမည်ဖြစ်ပြီး နောက်ထပ် Interview တစ်ကြိမ် ဝင်ရောက်တိုင်း ကိုရီးယားဝမ် ၁၀၀,၀၀၀ (non-refundable) ကောက်ခံသွားမည်ဖြစ်သည်။

၈။ လုပ်ငန်းဆွေးနွေး အကြံပေးသည့် NiceWay Co.,Ltd (Korea) သည် လုပ်ငန်းဆွေးနွေးတိုင်ပင်သူအတွက် လူတွေ့ Interview ချိန်းဆိုပေးပြီးသော်လည်း လုပ်ငန်းဆွေးနွေးတိုင်ပင်သူမှ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်နိုင်ခြင်းမရှိပါက ကိုရီးယားဝမ် ၁၀၀,၀၀၀ ပေးဆောင်ရမည်ဖြစ်သည်။ NiceWay Co.,Ltd (Korea) သည် လုပ်ငန်းဆွေးနွေးတိုင်ပင်သူ အလုပ်ရရှိသည်အထိ လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

၉။ လုပ်ငန်းဆွေးနွေး အကြံဉာဏ်တောင်းခံသူသည် အလုပ်ရရှိပါက ရိုးသားကြိုးစားစွာဖြင့် မိမိ၏ အလုပ်တာဝန်များကို တာဝန်ကျေပွန်စွာ လုပ်ဆောင်မည် ဖြစ်သည်။ ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့များကို သိရှိနားလည်ရမည်။ လုပ်ငန်းခွင်ရှိ အထက်လူကြီး၊ လုပ်ဖော်ကိုင်ဖက်များကို ယဉ်ကျေးပျူငှာစွာ နှုတ်ဆက်ရမည်။

၁၀။ လုပ်ငန်းခွင်ဝင်ရောက်ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဝင်ရောက်နိုင်ခြင်းမရှိပါက လုပ်ငန်းဆွေးနွေးအကြံပြု မိတ်ဆက်ပေးသည့် NiceWay Co.,Ltd (Korea) သို့ အခြေအနေ အကြောင်းကြားရမည်။ အကြောင်းမကြားခြင်းကြောင့် ဖြစ်ပေါ်လာသော ကိစ္စအဝဝသည် မိမိတာဝန်သာ ဖြစ်သည်။

ဤစာချုပ်ပါ အချက်အလက်များသည် လုပ်ငန်းဆွေးနွေးတိုင်ပင်သူနှင့် လုပ်ငန်းဆွေးနွေးအကြံပေးသူ နှစ်ဦးသဘောသိရှိ၍ လျှို့ဝှက်ထားရမည်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုအချက်အလက် မျှဝေခြင်းများ မပြုလုပ်ရပါ။ ခွင့်ပြုချက်မရှိပဲ မျှဝေခြင်းကြောင့် အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အချက်အလက်မျှဝေသူအား အရေးယူပိုင်ခွင့်ရှိသည်။

**(အထက်ပါအကြောင်းအရာများနှင့်ပတ်သက်၍ လုပ်ငန်းဆွေးနွေးတိုင်ပင်သူမှ သဘောတူသိရှိနားလည်ပါသည်။)**

**လုပ်ငန်းဆွေးနွေးတိုင်ပင်သူ**

အမည် : ______________
Passport နံပါတ် : ______________
ဖုန်းနံပါတ် : ______________
လိပ်စာ : ______________

**လုပ်ငန်းဆွေးနွေးအကြံပေးသူ**
**주식회사 나이스웨이**
**NiceWay Co., Ltd (Korea)**
**Registration No : 845-86-03189**
**Managing Director**

Nice Way General Services NW